# Highlights from DVB Debate's Possible New Coalitions

## November 21, 2015

## "What are Possible New Coalitions?"

"၂၀၁၅ ရွေးကောက်ပွဲဟာ အန်အယ်လ်ဒီကို အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအစိုးရဖြစ်အောင်လုပ်ဖို့ တာဝန်ပေးအပ်လိုက်တာဖြစ်တယ်။ တိုင်းရင်းသားတွေအတွက် ဆောင်ရွက်ရာမှာလည်း တိုင်းရင်းသားတွေအပေါ် ကိုယ်စားပြုမှုနဲ့ အခွင့်အာဏာကို ကြည့်ပြီး တိုင်းရင်းသားကိုယ်စားပြုမှုကို ရွေးချယ်ရမယ်"

ဒေါက်တာသောင်းထွန်း - ငြိမ်းချမ်းရေးနှင့်လူမှုတရားမျှတမှုဖော်ဆောင်ရေးအင်စတီကျူ့အမှုဆောင်ဒါရိုက်တာ

---

"အမျိုးသားပြန်လည်သင့်မြတ်ရေးလို့ပြောရင် တပ်နဲ့လက်ရှိအစိုးရနဲ့ပဲ မဟုတ်သေးဘူး အစိုးရနဲ့ပြည်သူကြား အမျိုးသားရင်ကြားစေ့ရေးကိုလည်း လုပ်ပေးဖို့ လိုတယ်။ ပြည်သူတွေရဲ့ အစိုးရမုန်းတဲ့ရောဂါ၊ အစိုးရကြောက်တဲ့ရောဂါကို ကုစားပေးမယ့် ညွန့်ပေါင်းအစိုးရမျိုးဖြစ်စေချင်တယ်"

မသီတာ(စမ်းချောင်း) - စာရေးဆရာ

---

"ကိုယ်ပိုင်အုပ်ချုပ်ခြင်းနဲ့ စုပေါင်းအုပ်ချုပ်ခြင်းကို ဖယ်ဒရေးရှင်းလို့ ကျနော်တို့တိုင်းရင်းသားတွေက ခေါ်ချင်တယ် ပြည်ထောင်စုကို ချင်းလဲမပိုင်ဘူး ဗမာလည်း မပိုင်ဘူး အားလုံးပေါင်းစပ်ပါဝင်မှုအတွက် လုပ်ရမယ်။ ၂၀၀၈ဖွဲ့စည်းပုံအရ ကမောက်ကမလုပ်ထားတာတွေကြောင့် အခု အားလုံးအခက်ကြုံနေရတယ်၊ အန်အယ်လ်ဒီလည်း ကြုံရမှာပဲ"

ဒေါက်တာဆလိုင်းလျန်မှုန်း - ချင်းအမျိုးသားတပ်ဦး

---

"ဖွဲ့စည်းပုံရဲ့ ပေးထားချက်အရကို လူထုကိုယ်စားလှယ်မဟုတ်သူတွေက သမ္မတဖြစ်လာမယ် ကျမတို့ရဲ့ နောက်မျိုးဆက်တွေကို အဲဒီ အသိမျိုး မဝင်စေချင်ဘူး။ သမ္မတဟာ လူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ရတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်စေချင်တယ်"

မသီတာ(စမ်းချောင်း) - စာရေးဆရာ

---